ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# လက်ရှိ ရခိုင်သံဃာနှင့် ကျောင်းသားထုက အစိုးရအား အရေးဆိုမှုအပေါ် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံးမှ ထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၈/၀၈

(၂၇၊ ၉၊ ၀၈)ရက်နေ့က ရခိုင်သံဃာတော်များပြုလုပ်ခဲ့သည့် ရွှေဝါရောင်တော်လှန်ရေး နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုတောင်းမေတ္တာပို့ ချီတက်ပွဲနှင့် (၂၉၊ ၉၊ ၀၈)ရက်နေ့က ဖြစ်ပွါးခဲ့သော ရခိုင်ကျောင်းသားထု၏ ပုံမှန်ကျောင်းကားစီစဉ်ပေးရေး ချီတက်အရေးဆိုပွဲသည် (၁၉၆၂)ခု၊ မတ်လ (၂)ရက်နေ့မှ စတင်၍ ယနေ့ထိ ဗမာပြည်သူလူထုတစ်ရပ်လုံး ခံစားနေရသည့် နိုင်ငံရေးနှင့် အမျိုးသားရေးအရ ဖိနှိပ်မှု၊ လူမှုရေး၊ စီးပွါးရေး ကြပ်တည်းမှုကို ထင်ဟပ်ပြသခြင်းဖြစ်ကြောင်း မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ အခိုင်အမာ ယုံကြည်ပေသည်။

(၁၉၉၀)တွင် ရွေးကောက်ပွဲလုပ်ပြီး အရပ်သားအစိုးရလက်ထဲသို့ အာဏာလွှဲပြောင်းကာ စစ်တန်းလျားပြန်မည်ဟု ပြည်သူလူထုနှင့် နိုင်ငံတကာကို ကတိပြုခဲ့သည့်စစ်အစိုးရသည် မိမိတို့၏ကတိကို ချိုးဖောက်ကာ (၉၀)ရွေးကောက်ပွဲ ရလာဒ်ကိုလည်း အသိအမှတ်မပြု၊ လွှတ်တော်ခေါ်ယူရန်လည်း ခွင့်မပြုဘဲ လွှတ်တော်အမတ်များအပါအဝင် တိုင်းချစ်၊ ပြည်ချစ် နိုင်ငံရေးသမားအားလုံး၏ လွတ်လပ်စွာ စည်းရုံးခွင့်၊ စုဖွဲ့ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်စသည့် အခွင့်အရေးများအားလုံးကို ပိတ်ပင်ထားခဲ့ပေသည်။ တစ်ဖက်မှာလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ချီတက်မည်ဟုဆိုကာ တိုင်းပြည်အာဏာကို စစ်တပ်မှ ချုပ်ကိုင်လျက် နိုင်ငံတော်နှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုကိစ္စရပ်အားလုံးကို လက်ဝါးကြီးအုပ်ထားခဲ့သည်မှာ နှစ်ပေါင်း (၁၈)နှစ်ကျော်လွန်ခဲ့ပြီဖြစ်သည်။ စစ်အစိုးရ အဆက်ဆက်အနေဖြင့် ပြည်သူလူထုနှင့် အတိုက်အခံများ၏ တောင်းဆိုချက်၊ ဝေဖန်အကြံပြုချက်များကို လျစ်လျူရှုကာ ထင်ရာစိုင်းခဲ့မှုကြောင့် လွတ်လပ်ရေးရစကာလ (၁၉၄၈)က အရှေ့တောင်အာရှတွင် အချမ်းသာအကြွယ်ဝဆုံး၊ ဒီမိုကရေစီ အုပ်ချုပ်ရေး ယန္တရား ပေါ်ပေါက်ရန် အလားအလာအရှိဆုံး ဗမာပြည်သည် ယနေ့ကာလတွင် ကမ္ဘာ့အဆင်းရဲဆုံး၊ လူမှု–စီးပွါးရေး အဆင့်အတန်း အနိမ့်ကျဆုံး၊ လုပ်သားအင်အားနှင့် လူ့စွမ်းအားအရင်းအမြစ်ယိုစီးမှု အများဆုံး၊ လာဘ်စား၊ ခြစား အထူပြောဆုံး၊ ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး အဆိတ်သုဉ်းဆုံး နိုင်ငံများစာရင်းတွင် မှတ်တမ်းတင်ခံနေရပြီဖြစ်သည်။

ပြည်သူလူထုတစ်ရပ်လုံး၏ ပကတိအခြေအနေနှင့် လိုလားချက်ကို ခြိမ်းခြောက်ကန့်သတ်မှု အမျိုးမျိုးကြားမှ ရဲဝံ့စွာဖော်ထုတ်ခဲ့ကြသည့် ရခိုင်သံဃာတော်များနှင့် ကျောင်းသားထုအား မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ဤကြေငြာချက်ဖြင့် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပေသည်။ တပြိုင်တည်းမှာပင် အမျိုး၊ ဘာသာ၊ သာသနာ စည်ပင်ပြန့်ပွါးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုရှေးရှု၍ လက်ရှိ တိုင်းပြည်အုပ်ချုပ်ရေး တာဝန်ရှိသူများအနေဖြင့် အောက်ပါတောင်းဆိုချက်များကို အတတ်နိုင်ဆုံး လိုက်နာ ဆောင်ရွက်ပေးရန် တောင်းဆိုလိုက်ရပေသည်။

လက်ရှိ ကျောင်းသားများ၏ အရေးနှင့် ပတ်သက်၍

(၁) တက္ကသိုလ်နှင့်ကောလိပ်များတွင် ကျောင်းသားထုက ချစ်ခင်မြတ်နိုးသော၊ ရိုသေလေးစားသော ဆရာ၊ ဆရာမများကိုသာ ခန့်အပ်ပေးရန်၊

(၂) ကျောင်းသားထု၏အကျိုးစီးပွါးကို အမှန်တကယ် ရှေးရှုအကောင်အထည်ဖော်ပေးမည့် မိဘ၊ ဆရာနှင့် ကျောင်းသားကိုယ်စားပြု ကော်မတီများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုရန်၊

(၃) တက္ကသိုလ်၊ ကောလိပ်ဟူသည့် ဂုဏ်ဒြပ်နှင့်ညီညွတ်သော ခြံဝင်း၊ အိပ်ဆောင်၊ အပန်းဖြေဆောင်၊ ခမ်းမ၊ အားကစားရုံ၊ သင်ထောက်ကူပစ္စည်း၊ ပို့ဆောင်ဆက်သွယ်ရေး အစရှိသည့် အခြေခံလိုအပ်ချက်များကို စီစဉ်ပေးရန်၊

(၄) ဆင်းရဲ၊ ချမ်းသာမရွေး လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန် ကျောင်းဝင်ကြေးနှင့် ပညာသင်စရိတ်များကို လျှော့ချပေးရန် နှင့် မိဘပြည်သူတို့၏ စီးပွါးရေးအခက်အခဲကြောင့် ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး (သို့) ချေးငွေများ စီစဉ်ပေးရန်၊

(၅) သက်ဆိုင်ရာ လူ့အဖွဲ့အစည်းနှင့် မိမိတို့ကျောင်းသားထုအတွင်း ဗလ (၅) တန်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်သည့် ကျောင်းသားထု၏ ကျောင်းသင်ခန်းစာပြင်ပ လူမှုရေး၊ သာရေး၊ နာရေးအစရှိသည့် လှုပ်ရှားမှုများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန်၊

လက်ရှိ သံဃာထု၏ အရေးနှင့် ပတ်သက်၍

(၁) တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းစွာ ဆုတောင်းမေတ္တာပို့သပေးသည့် သံဃာတော်များအား တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း မပြုလုပ်ရန်၊

(၂) ဆုတောင်းမေတ္တာပို့သသည့် သံဃာတော်များအား ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အထောက်အထားမဲ့ စွပ်စွဲခြင်း၊ အတင်းအဓမ္မ သင်္ကန်းချွတ် လူဝတ်လဲခြင်း အစရှိသည့်ကိစ္စရပ်များကို ရပ်စဲလျက် ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာ ကျင့်ဝတ်များနှင့်အညီ ရဟန်းသံဃာတော်များအား ရိုသေလေးစားစွာ ဆက်ဆံကြရန်၊

(၃) ဘုရားရင်ပြင်နှင့် ဘုန်းကြီးကျောင်း ပရဝုဏ်များအား ခံတပ်သဖွယ်၊ ကင်းစခန်းသဖွယ် သဘောထားကာ စစ်ဗိုလ်၊ စစ်သားများအား နေရာချထားခြင်းကို ရပ်စဲပေးရန်၊

(၄) ရွှေဝါရောင်တော်လှန်ရေးကို အကြောင်းပြုလျက် ဖမ်းဆီးထောင်ချထား၊ ချွေးတပ်ဆွဲထားသည့် သံဃာတော်များကို ပြန်လွှတ်ပေးရန်၊

(၅) ရဟန်းသံဃာတော်များအား လူပုဂ္ဂိုလ်များမှဦးစီးသည့် သာသနာ့ဝန်ဆောင်အစရှိသည့် အဖွဲ့အစည်းများမှ ဘွဲ့တံဆိပ်တပ်လျက် မြို့နယ်၊ ပြည်နယ် သံဃနာယက အဖွဲ့အစည်းများဖွဲ့စည်းကာ ရဟန်းပျိုများအား ဖိနှိပ်အုပ်ချုပ်ရန် တာဝန်ပေးအပ်ထားခြင်းများကို ရပ်စဲပေးရန်၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်
ထိုင်း–မြန်မာနယ်စပ်

**ဆက်သွယ်ရန်** – ရဲဘော်ထွန်းဇော် (တွဲဖက်အတွင်းရေးမှူး–၁)
ထိုင်းဒေသ (၀၈– ၁၆၈၀– ၈၉၃၄)

ရဲဘော်ကျော်မြင့် (တွဲဖက်အတွင်းရေးမှူး–၂)
ဘင်္ဂလားဒေ့ရှ်ဒေသ (၈၈–၀၁၈၀–၇၀၇၈–၁၃၃၊ ၀၁–၇၄၅၀–၉၄၆၄၆)